# ပရိုဂရမ် သမာသမတ်ရှိရေးဌာနခွဲ

ပရိုဂရမ် သမာသမတ်ရှိရေးဌာနခွဲ (Program Integrity Branch (PIB)) ၏ အခန်းကဏ္ဍမှာ Kentucky ပြည်နယ်ရှိ မိသားစုများအနေဖြင့် ၎င်းတို့ ရသင့်ရထိုက်သည့် အကျိုးခံစားခွင့်များ ရရှိစေရန်၊ အစိုးရထောက်ပံ့ကူညီရေး ပရိုဂရမ်များဆိုင်ရာ စည်းမျဉ်းများကို သိရှိရန်နှင့် သက်ဆိုင်ရာ အကျိုးခံစားခွင့်များကို Kentucky နှင့် USDA အစားအသောက်နှင့် အာဟာရဆိုင်ရာ ဝန်ဆောင်မှု (FNS) ၏ သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ အသုံးပြုကြောင်း သေချာစေရန်ဖြစ်သည်။

လူမှုအသိုင်းအဝိုင်းအခြေပြု ဝန်ဆောင်မှုများဌာန (DCBS) မြေပြင်ဝန်ထမ်းများအနေဖြင့် တောင်းခံချက်များဆိုင်ရာ မူဝါဒကို အဓိပ္ပါယ်ပြန်ဆိုရန်နှင့် အစိုးရထောက်ပံ့ကူညီရေး ပရိုဂရမ်များအားလုံး၌ ပရိုဂရမ် သမာသမတ်ရှိမှု တိုးမြင့်အောင် ကူညီပံ့ပိုးပေးရန် PIB ကို ဒီဇိုင်းထုတ်ထားပါသည်။

PIB တွင် တောင်းခံချက်များ စီမံခန့်ခွဲရေးဌာနနှင့် သမာသမတ်ရှိရေးနှင့် လေ့လာသုံးသပ်ရေးဌာနတို့ ပါဝင်သည်။

## တောင်းခံချက်များ စီမံခန့်ခွဲရေးဌာန

အောက်ပါတို့ပါဝင်ပြီး ၎င်းတို့နှင့်သာဟု ကန့်သတ်မထားသည့် DCBS မှ စီမံလုပ်ဆောင်သည့် အစိုးရထောက်ပံ့ကူညီရေး ပရိုဂရမ်များအမျိုးမျိုး၌ လိမ်လည်မှုနှင့် ကျော်လွန်ပေးချေမှုများအတွက် ကောက်ခံမှုများ စုံစမ်းထောက်လှမ်းမှုကို ကြီးကြပ်ကြည့်ရှုရန် တာဝန်ရှိသည် - ဖြည့်စွက်အာဟာရ ထောက်ပံ့ကူညီရေး ပရိုဂရမ် (SNAP)၊ အသက်အရွယ်ကြီးသူများအတွက် ရိုးရှင်းသော ထောက်ပံ့ကူညီမှု (SAFE)၊ Kentucky အကူးအပြောင်းကာလ ထောက်ပံ့ကူညီရေး ပရိုဂရမ် (KTAP)၊ ဆွေနီးမျိုးစပ် စောင့်ရှောက်မှု၊ ကလေးသူငယ် စောင့်ရှောက်ရေး၊ Medicaid နှင့် အခြားအရာများ။

### တောင်းခံချက်တစ်ခုအတွက် ပေးချေရန် မည်သူ့တွင် တာဝန်ရှိသနည်း။

တောင်းခံချက်များကို သင်ရသင့်သည်ထက် အကျိုးခံစားခွင့်များ ပိုမိုရရှိခဲ့ချိန်အတွင်း သင့်အိမ်ထောင်စု၌ရှိနေခဲ့သော မည်သည့်အရွယ်ရောက်သူမဆိုထံမှ ကောက်ခံနိုင်ပါသည်။ ၎င်းတွင် ခွင့်ပြုချက်ရ ကိုယ်စားလှယ်များ၊ ဆေးဝါးနှင့် အရက်သေစာ အလွဲသုံးစားမှု ကုသရေးစင်တာတစ်ခုရှိ တာဝန်ကျကိုယ်စားလှယ်၊ စောင့်ရှောက်မှုပေးသည့် ဆွေမျိုး၊ တရားရုံးအမိန့်ရ လူပုဂ္ဂိုလ်၊ စသည်တို့လည်း ပါဝင်သည်။

### တောင်းခံချက်ကို ပြန်လည်ပေးဆပ်ရန် နည်းလမ်းများ

အောက်ပါရွေးချယ်စရာများမှ တစ်ခုကို အသုံးပြု၍ တောင်းခံချက်များ ပြန်လည်ပေးဆပ်နိုင်ပါသည် -

- **အကျိုးခံစားခွင့် လျှော့ချခြင်း။** အိမ်ထောင်စုတစ်ခုတွင် အေဂျင်စီ၏အမှား သို့မဟုတ် မလွှဲမရှောင်နိုင်သည့် အိမ်ထောင်စုအမှားဟု သတ်မှတ်ထားသည့် တောင်းခံချက်အမျိုးအစားတစ်ခုရှိပြီး တာဝန်ရှိမိသားစုဝင်များသည် SNAP သို့မဟုတ် KTAP ပရိုဂရမ် အကျိုးခံစားခွင့်များ လက်ရှိရရှိနေပါက ဖက်ဒရယ်ဥပဒေအရ ကျွန်ုပ်တို့အနေဖြင့် သင်၏ လစဉ်အကျိုးခံစားခွင့်များမှ $10.00 ဖြစ်စေ 10% ဖြစ်စေ၊ ပိုများသည့်ပမာဏကို အလိုအလျောက်ထုတ်ယူရန် လိုအပ်သည်။ အိမ်ထောင်စုတစ်ခုတွင် တမင်ပြုလုပ်သည့် အိမ်ထောင်စုအမှားဟု သတ်မှတ်ထားသည့် တောင်းခံချက်အမျိုးအစားတစ်ခုရှိပါက ဖက်ဒရယ်ဥပဒေအရ ကျွန်ုပ်တို့အနေဖြင့် သင်၏ လစဉ်အကျိုးခံစားခွင့်များမှ $20.00 ဖြစ်စေ 20% ဖြစ်စေ၊ ပိုများသည့်ပမာဏကို အလိုအလျောက်ထုတ်ယူရန် လိုအပ်သည်။ အိမ်ထောင်စုတစ်ခုတွင် ရှိလက်စ အလိုအလျောက်အကျိုးခံစားခွင့်များ ဖြတ်နုတ်မှုနှင့်အတူ ထပ်ဆောင်းပမာဏတစ်ခု လျှော့ထားတောင်းဆိုရန်အတွက် ရွေးချယ်စရာတစ်ခုရှိပါသည်။
- **အွန်လိုင်း ငွေပေးချေမှုများ။** တောင်းဆိုချက်တစ်ခုအတွက် အွန်လိုင်းမှ ငွေပေးချေရန် https://kynect.ky.gov သို့ ဝင်ရောက်ပါ။ အကောင့်တစ်ခု ဖွင့်ပါ သို့မဟုတ် သင်၏ရှိလက်စ Kentucky Online Gateway (KOG) အကောင့်တွင်း ဝင်ရောက်ပြီးနောက် ဘယ်ဖက်မီနူးပေါ် ရှိ "တောင်းခံချက်များနှင့် ငွေပေးချေမှုများ (Claims & Payments)" သို့ သွားရောက်ပါ။
- **ချက်လက်မှတ် သို့မဟုတ် ငွေလွှဲလွှာ။** ဤငွေပေးချေမှုမျိုးကို Kentucky ပြည်နယ် ဘဏ္ဍာရေးမှူးထံသို့ ပေးချေသင့်ပြီး ဤသို့သော ငွေပေးချေမှု အမျိုးအစားပေါ်၌ သင်၏ အမည်အပြည့်အစုံနှင့် တောင်းခံချက်နံပါတ်(များ)ကို ထည့်သွင်းသင့်သည်။ သင်၏ငွေပေးချေမှုကို အောက်ပါလိပ်စာသို့ စာတိုက်မှပေးပို့ပါ -

  Claims Management Section
  275 E. Main St., 2E-O
  Frankfort, KY 40621

- **ပြည်နယ် အခွန်ခုနှိမ်မှု (State Tax Offsets (RIC))**။ သင်၏ ငွေပြန်ဆပ်ရန် သဘောတူညီချက်ပေါ်တွင် ငွေပေးချေမှုများ မပြုလုပ်ပါက သို့မဟုတ် ပြန်လည်ပေးချေရန် ပျက်ကွက်ပါက ငွေကောက်ခံရန်အတွက် သင်၏တောင်းခံချက်ကို အခြားအေဂျင်စီများထံ ပို့ပါမည်။ ဤသို့ဖြစ်ပေါ်ပါက သင့်ထံမှ အခကြေးငွေကောက်ယူနိုင်ပါသည်။ တရားမဝင် ငွေပိုပေးချေခဲ့မှုအတွက် အပြည့်အဝပေးချေပြီးသည်အထိ Kentucky ဝင်ငွေခွန် ပြန်အမ်းငွေ အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို Kentucky အခွန်ဌာန၊ ငွေကောက်ခံရေး ဌာနခွဲက ယူနိုင်ပါသည်။
- **ဘဏ္ဍာရေး ခုနှိမ်မှု ပရိုဂရမ် (Treasury Offset Program (TOP))** သင်၏ ငွေပြန်ဆပ်ရန် သဘောတူညီချက်ပေါ်တွင် ငွေပေးချေမှုများ မပြုလုပ်ပါက သို့မဟုတ် ပြန်လည်ပေးချေရန် ပျက်ကွက်ပါက ငွေကောက်ခံရန်အတွက် သင်၏ SNAP တောင်းခံချက်ကို အခြားအေဂျင်စီများထံ ပို့ပါမည်။ ဤသို့ဖြစ်ပေါ်ပါက သင့်ထံမှ အခကြေးငွေ ကောက်ယူနိုင်ပါသည်။ TOP သည် ဖက်ဒရယ်မှ ပြဌာန်းထားသည့် ငွေကောက်ခံရေး

ပရိုဂရမ်တစ်ခုဖြစ်ပြီး ဖယ်ဒရယ် ဝင်ငွေခွန် ပြန်အမ်းမှုများ၊ ဖယ်ဒရယ် လစာ၊ နှင့် လူမှုဖူလုံရေး ငွေပေးချေမှုများ ကဲ့သို့သော ဖယ်ဒရယ် ငွေပေးချေမှုများကို ကြားဖြတ်ယူရန် (ခုနှိမ်မှုဟု ခေါ်သည်) ကိုခွင့်ပြုသည်။ အကြွေးများပေးရန် အနည်းဆုံး ရက်ပေါင်း 120 နောက်ကျခဲ့ပါက သို့မဟုတ် ငွေပြန်ဆပ်ရန် သဘောတူညီချက်တစ်ခု ပြုလုပ်ခဲ့သော်လည်း လိုက်နာခြင်းမရှိပါက SNAP အကြွေးများကို TOP သို့ လွှဲပြောင်းပါသည်။

## တောင်းခံချက်များနှင့် စပ်လျဉ်း၍ ထပ်ဆောင်းမေးခွန်းများ ရှိပါသလား။

တောင်းခံချက်များ စီမံခန့်ခွဲရေးဌာန (Claims Management Section) ကို တနင်္လာနေ့မှ သောကြာနေ့ထိ၊ အရှေ့ပိုင်းစံတော်ချိန် နံနက် 8:00 နာရီမှ မွန်းလွဲ 4:30 နာရီအတွင်း ဖုန်းနံပါတ် 502-564-3440 ဖြင့် ဆက်သွယ်ပါ သို့မဟုတ် chfscms@ky.gov သို့ အီးမေးလ်တစ်စောင် ပေးပို့ပါ။ သင်၏ တောင်းခံချက်နံပါတ်(များ)ကို ထည့်သွင်းပေးပါ သို့မဟုတ် အဆင်သင့်ထားရှိကြောင်း သေချာအောင်လုပ်ပါ။

## သတ်မှတ်ချက်ပြည့်မီမှု သို့မဟုတ် သင်၏ လက်ရှိ အစိုးရထောက်ပံ့ကူညီရေး အကျိုးခံစားခွင့်နှင့် ပတ်သက်ပြီး မေးမြန်းလိုသည်များ ရှိပါသလား။

အကယ်၍ သင်သည် လက်ရှိတွင် အစိုးရထောက်ပံ့ကူညီမှု လက်ခံရရှိနေပါက သို့မဟုတ်အစိုးရထောက်ပံ့ကူညီမှု လက်ခံရရှိလိုပါကနှင့် အဆိုပါ အကျိုးခံစားခွင့်များနှင့် စပ်လျဉ်း၍ မေးခွန်းများရှိပါက ကျေးဇူးပြုပြီး အောက်ပါရွေးချယ်စရာများမှ တစ်ခုကို အသုံးပြု၍ DCBS မိသားစု ကူညီပံ့ပိုးရေးသို့ ဆက်သွယ်ပေးပါ-

- ဖုန်းခေါ်ဆိုရေး ဝန်ဆောင်မှုစင်တာ (Call Service Cente) ကို တနင်္လာနေ့မှ သောကြာနေ့ထိ၊ အရှေ့ပိုင်းစံတော်ချိန် နံနက် 8:00 နာရီမှ မွန်းလွဲ 4:30 နာရီအတွင်းနှင့် စနေနေ့တွင် အရှေ့ပိုင်းစံတော်ချိန် နံနက် 9:00 နာရီမှ မွန်းလွဲ 2:00 နာရီအတွင်း ခေါ်ဆိုခမဲ့ ဖုန်းနံပါတ် 855-306-8959 ဖြင့် ဆက်သွယ်ပါ သို့မဟုတ် chfscms@ky.gov သို့ အီးမေးလ်တစ်စောင် ပေးပို့ပါ။
- အကောင့်တစ်ခုဖွင့်ရန် သို့မဟုတ် သင်၏ ရှိလက်စ KOG အကောင့်တွင်း ဝင်ရောက်ရန် https://kynect.ky.gov သို့ ဝင်ပြီး အွန်လိုင်းမှ လျှောက်ထားပါ၊ သို့မဟုတ်
- သင်၏ ဒေသန္တရ မိသားစု ကူညီပံ့ပိုးရေးရုံးသို့ သွားပါ။ သင်နှင့်အနီးဆုံးရုံးကို https://prd.webapps.chfs.ky.gov/Office_Phone/ တွင် ရှာဖွေပါ။

## ဆေးဘက်ဆိုင်ရာ ထောက်ပံ့ကူညီမှု

သင်၏ အာမခံပရီမီယမ်နှင့် ငွေပေးချေမှုများနှင့် ပတ်သက်ပြီး မေးမြန်းလိုသည်များရှိပါက ကျေးဇူးပြု၍ ဖုန်းနံပါတ် 855-4kynect (1-855-459-6328) သို့ ဆက်သွယ်ပါ သို့မဟုတ် ဘယ်ဖက်အညွှန်းပေါ် ရှိ ကျန်းမာရေးအစီအစဉ်များ (Health Plans) ကို ရွေးချယ်ပြီး သင်၏ စာရင်းပေးသွင်းရန် အချက်အလက်များကို ရယူနိုင်ပါသည်။

### ကလေးသူငယ် စောင့်ရှောက်ရေးဆိုင်ရာ တောင်းခံချက်များ

သင်၏ ကလေးသူငယ် စောင့်ရှောက်ရေးဆိုင်ရာ တောင်းခံချက်(များ)နှင့် စပ်လျဉ်းပြီး မေးမြန်းလိုသည်များရှိပါက ကျေးဇူးပြု၍ ကလေးသူငယ် စောင့်ရှောက်ရေးကဏ္ဍ ဌာနခွဲ (Division of Child Care Claims Section) ကို ဖုန်းနံပါတ် 844-209-2657 ဖြင့် ဆက်သွယ်ပါ။

## သမာသမတ်ရှိရေးနှင့် လေ့လာသုံးသပ်ရေးဌာန

SNAP နှင့် KTAP တို့ပါဝင်ပြီး ၎င်းတို့သာဟု ကန့်သတ်မထားသည့် အစိုးရထောက်ပံ့ကူညီရေး ပရိုဂရမ်အမျိုးမျိုးရှိ လိမ်လည်မှုများ စုံစမ်းထောက်လှမ်းမှုကို ကြီးကြပ်ကြည့်ရှုရန် တာဝန်ရှိသည် -

### EBT မှောင်ခိုကူးခြင်းနှင့် အလွဲသုံးစားပြုခြင်း

မှောင်ခိုကူးခြင်း ဆိုသည်မှာ -

- အကျုံးဝင်သည့် စားစရာပစ္စည်းများမှလွဲ၍ ငွေသား သို့မဟုတ် အခြားထည့်သွင်းစဉ်းစားစရာများ ရရှိရန် SNAP အကျိုးခံစားခွင့်များ၊ EBT ကတ်များ၊ EBT ကတ်နံပါတ်များ သို့မဟုတ် ကိုယ်ပိုင် မှတ်ပုံတင်နံပါတ် (Personal Identification Number (PIN)) တို့ကို ဝယ်ယူ၊ ရောင်းချ သို့မဟုတ် လဲလှယ်ရန် လုပ်ဆောင်ခြင်း သို့မဟုတ် ကြိုးပမ်းခြင်း။
- သေရည်အရက်များ၊ ဆပ်ပြာ၊ ဆေးရွက်ကြီး ထုတ်ကုန်ပစ္စည်းများ၊ လက်နက်များ၊ ကျည်များ သို့မဟုတ် ပေါက်ကွဲစေတတ်သော အရာများ၊ သို့မဟုတ် ထိန်းချုပ်ပစ္စည်းတစ်ခု ကဲ့သို့သော အကျုံးမဝင်သည့်ပစ္စည်းများကို ဝယ်ယူရန် SNAP အကျိုးခံစားခွင့်များ၊ EBT ကတ်များ၊ EBT ကတ်နံပါတ်များ သို့မဟုတ် PIN (များ) နှင့် လဲလှယ်ခြင်း။
- SNAP အကျိုးခံစားခွင့်များဖြင့် ဝယ်ယူထားသော အစားအစာများကို ပြန်ရောင်းခြင်း သို့မဟုတ် လဲလှယ်ခြင်း။
- ပြန်ရောင်းရန် ရည်ရွယ်ချက်ဖြင့် စားစရာပစ္စည်းများ ပြင်ဆင်ရန် SNAP အကျိုးခံစားခွင့်များဖြင့် ဝယ်ယူထားသော အစားအစာများကို အသုံးပြုခြင်း။

အလွဲသုံးစားပြုခြင်း ဆိုသည်မှာ -

- SNAP အရ အကျုံးဝင်သည့် အစားအစာအတွက် ဖြစ်သည့်တိုင် ခရက်ဒစ်အကြောင့်တစ်ခုပေါ်တွင် ပေးချေရန် SNAP အကျိုးခံစားခွင့်များကို အသုံးပြုခြင်း။
- သင်၏ အကျိုးခံစားခွင့်ရှိသူ အဖွဲ့ဝင် သို့မဟုတ် ခွင့်ပြုချက်ရ ကိုယ်စားလှယ်တစ်ဦးမဟုတ်သည့် တစ်စုံတစ်ဦးအား သင်၏ EBT ကတ်နှင့် PIN တို့ကို ရယူအသုံးပြုခွင့်ပေးခြင်း။
- EBT အကျိုးခံစားခွင့်များဖြင့် အစားအစာများကို သင်၏ SNAP အိမ်ထောင်စုအတွက် ရည်ရွယ်ဝယ်ယူသော်လည်း အဆိုပါ အစားအစာများကို အခြားသူ သို့မဟုတ် အခြားအိမ်ထောင်စုသို့ ပေးခြင်း။

- မှောင်ခိုကူးခြင်းဟူသည့် အဓိပ္ပါယ်သတ်မှတ်ချက်နှင့် ပြည့်မီသည့် နည်းလမ်းတစ်ခုဖြင့် မဟုတ်သော်လည်း အကျိုးခံစားခွင့်များကို မမှန်မကန် အသုံးပြုခြင်း။

## ကျွန်ုပ်၏ အကျိုးခံစားခွင့်များကို မည်သူတို့အတွက် အသုံးပြုရမည်နည်း။

EBT အကျိုးခံစားခွင့်များသည် သင်၏ အကျိုးခံစားခွင့်အဖွဲ့တွင်းရှိ မည်သူအတွက်မဆို အသုံးပြုရန် ဖြစ်ပါသည်။ သင်၏ အကျိုးခံစားခွင့်အဖွဲ့ ပြင်ပရှိ မည်သူအတွက်မဆို EBT အကျိုးခံစားခွင့်များဖြင့် ပစ္စည်းများ မဝယ်ယူပါနှင့် သို့မဟုတ် သင်၏ EBT ကတ်နှင့် PIN ကို ဝင်ရောက်အသုံးပြုရန် ခွင့်ပြုချက်ရ အဖွဲ့ဝင်တစ်ဦးမဟုတ်သော သင်၏ အကျိုးခံစားခွင့်အဖွဲ့ ပြင်ပရှိ တစ်စုံတစ်ဦးကို ခွင့်မပြုပါနှင့်။

## အီလက်ထရောနစ် အကျိုးခံစားခွင့် ခိုးယူမှုဆိုသည်မှာ အဘယ်နည်း။

ကတ်ဒေတာများကို ကူးယူခြင်းနှင့် ပွားယူခြင်း -

- EBT ကတ်များ၊ ခရက်ဒစ်ကတ်များ သို့မဟုတ် ငွေကြိုဖြည့်ကတ်များမှ ကတ်နံပါတ်များနှင့် အခြား ကတ်အချက်အလက်များကို ခိုးယူရန် လိမ်လည်သူက အလိုအလျောက် ငွေထုတ်စက် (ATM)၊ အရောင်းဆိုင်နေရာ (POS) စက် သို့မဟုတ် PIN ရိုက်ထည့်သည့်အကွက်တစ်ခုကို တရားမဝင် စက်ပစ္စည်းတစ်ခုဖြင့် တွဲချိတ်ပါက ကူးယူခြင်း ပေါ်ပေါက်ပါသည်။ အဆိုပါ စက်ပစ္စည်းများကို စက်ကွန့်ပိုင်းအတွင်း တပ်ဆင်နိုင်ပြီး ၎င်းတို့သည် ATM ၊ POS စက် သို့မဟုတ် PIN ရိုက်ထည့်သည့်အကွက်၏ တစ်စိတ်တစ်ပိုင်းနှင့် သဏ္ဍာန်တူအောင် ဒီဇိုင်းထုတ်ထားသည့်အတွက် ခွဲခြားဖော်ထုတ်ရန် ခက်ခဲနိုင်သည်။
- သံလိုက်အမြောင်းပါသည့် ကတ်အလွတ်များ သို့မဟုတ် လက်လီရောင်းချသူ အမျိုးမျိုးထံမှ လက်ဆောင်ကတ်များကိုပင် အသုံးချ၍ ကတ်အတုများ ပြုလုပ်ရန် လိမ်လည်သူများက ခိုးယူရရှိသည့် ဒေတာများကို အသုံးပြုနိုင်ကြသည်။ လူပုဂ္ဂိုလ်များထံမှ ငွေများကို ခိုးယူရန် အဆိုပါ ပွားယူထားသောကတ်များကို အသုံးပြုကြသည် သို့မဟုတ် လူကိုယ်တိုင် သို့မဟုတ် အွန်လိုင်းမှ ဝယ်ယူမှုများကို အပြီးသတ်ရန် လစဉ် အကျိုးခံစားခွင့် ထောက်ပံ့ကူညီမှုကို အသုံးပြုကြသည်။

ဖြားယောင်းခြင်းနှင့် အယောင်ဆောင်ခြင်း -

- ဤသို့သော တိုက်ခိုက်မှုများကို အီးမေးလ်၊ စာသားမက်ဆေ့ သို့မဟုတ် ဖုန်းခေါ်ဆိုမှုကဲ့သို့သော အီလက်ထရောနစ် နည်းလမ်းများမှတစ်ဆင့် ပေးပို့ကြပြီး ၎င်းအတွင်း လိမ်လည်သူများက DCBS ကဲ့သို့ ယုံကြည်ရသည့် ရင်းမြစ်တစ်ခုအဖြစ် ဟန်ဆောင်ကာ လူပုဂ္ဂိုလ်များမှ ၎င်းတို့၏ အကောင့်အချက်အလက်များကို ပေးချင်လာအောင် မြူဆွယ်ကြိုးစားကြသည်။

## အီလက်ထရောနစ် အကျိုးခံစားခွင့် ခိုးယူမှုကို ကူညီကာကွယ်ရန် ကျွန်ုပ် ဘာလုပ်နိုင်သနည်း။

အီလက်ထရောနစ် အကျိုးခံစားခွင့် ခိုးယူမှုကို ကူညီကာကွယ်ရန် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက် လုပ်နိုင်သည့် အရာများစွာရှိပါသည်။ ၎င်းတို့တွင်း ပါဝင်သည်မှာ -

- ebtEDGE မိုဘိုင်း အက်ပလီကေးရှင်းကို ဒေါင်းလုဒ်လုပ်ခြင်း။ တစ်ဦးချင်းစီသည် အင်တာနက်ဝင်ရန် ဖြစ်နိုင်သည့် နေရာများမှနေ၍ ebtEDGE မိုဘိုင်း အက်ပလီကေးရှင်းဖြင့် ၎င်းတို့၏ KTAP နှင့် SNAP အကျိုးခံစားခွင့် အချက်အလက်များတွင်းသို့ ချက်ချင်းဝင်ရောက်နိုင်ကြသည်။ www.ebtedge.com သို့ ဝင်ရောက်ရန် သင်၏ အင်တာနက်ဘရောက်ဇာကို အသုံးပြုပြီး ကတ်ကိုင်ဆောင်သူ လော့ခ်အင်ဝင်ရန် လင့်ခ် (Cardholder Login link) ကို ရွေးချယ်ပါ။ ဤအက်ပ်ဖြင့်ဆိုလျှင် သင် လုပ်နိုင်သည်မှာ -
    - သင်၏ လက်ကျန်ငွေကို အချိန်နှင့်တပြေးညီ မြင်တွေ့နိုင်သည်၊
    - သင်၏ ငွေအလွှဲအပြောင်းမှတ်တမ်းကို စိစစ်သုံးသပ်နိုင်သည်၊
    - သင်၏ အကျိုးခံစားခွင့် ဖြည့်သွင်းမှုမှတ်တမ်းနှင့် အချိန်ဇယားကို စိစစ်သုံးသပ်နိုင်သည်၊
    - သင်၏ PIN ကို ပြောင်းလဲနိုင်သည်၊
    - သင်၏ လက်ရှိတည်နေရာအနီးရှိ SNAP အကျိုးခံစားခွင့်များကို လက်ခံသည့် လက်လီရောင်းချသူများကို ရှာဖွေနိုင်သည်၊
    - ပြည်နယ်ပြင်ပ ဝယ်ယူမှုများကို ပိတ်ပင်နိုင်သည်၊
    - ဝယ်ယူမှုကို ရပ်တန့်ရန် သင်၏ EBT ကတ်ကို ပိတ်ခြင်းနှင့် ဖွင့်ခြင်း လုပ်နိုင်သည်၊ ထို့အပြင်
    - အခြားအရာများ ရှိပါသည်။
    - မိုဘိုင်းအက်ပ်အကြောင်း ပိုမိုလေ့လာရန်နှင့် ၎င်းကို ယနေ့ ဒေါင်းလုဒ်လုပ်ရန် https://www.fisglobal.com/ebtedgemobile သို့ သွားပါ။
- သင်၏ PIN ကို မကြာခဏ ပြောင်းလဲပါ။
- သင်၏ EBT ကတ်နံပါတ်နှင့် PIN ကို လျှို့ဝှက်ထားရှိပြီး သင်၏ အကျိုးခံစားခွင့်အဖွဲ့ပြင်ပရှိ လူတစ်ဦးဦးနှင့် မမျှဝေပါနှင့်။ သင်၏ PIN ကို စက်တစ်ခုတွင်း ရိုက်ထည့်ချိန်တွင် ကီးအကွက်ကို အုပ်ကာထားပါ။
- DCBS ဝန်ထမ်းက သင်၏ EBT ကတ်နံပါတ်နှင့် PIN ကို မည်သည့်အကြောင်းကြောင့်မှ အတူတကွ မေးမြန်းမည်မဟုတ်ပါ။ ဤအချက်အလက်ကို ရရှိရန် တစ်စုံတစ်ဦးက သင့်အား မေးမြန်းဆက်သွယ်လာပါက ချက်ချင်းဖုန်းချလိုက်ပါ။

## သင်သည် အီလက်ထရောနစ် အကျိုးခံစားခွင့် ခိုးယူမှု၏ သားကောင်တစ်ဦး ဖြစ်ပါသလား။

အကယ်၍ သင်သည် အီလက်ထရောနစ် အကျိုးခံစားခွင့် ခိုးယူမှု၏ သားကောင်တစ်ဦးဖြစ်သည်ဟု သံသယရှိပါက သင်လုပ်နိုင်သည့် လုပ်ဆောင်မှုများမှာ -

- EBT ရောင်းချသူ၊ သစ္စာရှိရေး အချက်အလက်ဝန်ဆောင်မှုများ (Fidelity Information Services (FIS)) ကို ဖုန်းနံပါတ် 1-888-979-9949 ဖြင့် ဆက်သွယ်၍ EBT ကတ်အသစ်တစ်ခုကို ချက်ချင်းမှာယူပါ။
- ဖုန်းခေါ်ဆိုရေး ဝန်ဆောင်မှုစင်တာ (Call Service Cente) ကို တနင်္လာနေ့မှ သောကြာနေ့ထိ၊ အရှေ့ပိုင်းစံတော်ချိန် နံနက် 8:00 နာရီမှ မွန်းလွဲ 4:30 နာရီအတွင်းနှင့် စနေနေ့တွင် နံနက် 9:00 နာရီမှ မွန်းလွဲ 2:00 နာရီအတွင်း ခေါ်ဆိုခမဲ့ ဖုန်းနံပါတ် 855-306-8959 ဖြင့် ဆက်သွယ်ခြင်း သို့မဟုတ် သင်၏ ဒေသန္တရ မိသားစုကူညီပံ့ပိုးရေးရုံးသို့ သွားခြင်းများ ပြုလုပ်၍ ခိုးယူမှုအကြောင်း DCBS အား တိုင်ကြားပါ။ သင်နှင့်အနီးဆုံးရုံးကို https://prd.webapps.chfs.ky.gov/Office_Phone/ တွင် ရှာဖွေပါ။

## ကျွန်ုပ်၏ အကျိုးခံစားခွင့်များ ထိခိုက်ခံထားရသည်ဟု အသိပေးချက်တစ်ခု ရရှိခဲ့ပါသည်။

အကျိုးခံစားခွင့် လက်ခံရရှိသူများအနေဖြင့် ၎င်းတို့၏ EBT ကတ်ဒေတာများ ထိခိုက်ခံထားရကြောင်း အသိပေးရန် DCBS က ကမ်ပိန်းတစ်ခု စတင်ခဲ့သည်။ ဒေတာ လေ့လာသုံးသပ်မှုမှတစ်ဆင့် အိမ်ထောင်စုများ၏ အကျိုးခံစားခွင့်များ ခိုးယူခြင်း မခံရမီ ၎င်းတို့ကို ခွဲခြားဖော်ထုတ်နိုင်ခြေရှိပြီး EBT ကတ်အသစ်တစ်ခု မှာကြားရန်နှင့် ၎င်းတို့၏ PIN ကို ပြောင်းလဲရန်အတွက် အီးမေးလ် သို့မဟုတ် စာသားမက်ဆေ့ချ်မှတစ်ဆင့် အီလက်ထရောနစ် အသိပေးချက်တစ်ခု ပေးပို့ပါသည်။ EBT ကတ်တစ်ခု ထိခိုက်ခံထားရသည်ဟု ခွဲခြားဖော်ထုတ်နိုင်ပါက အီးမေးလ် သို့မဟုတ် စာသားဖြင့် အသိပေးချက်များ ရရှိရန် ၎င်းတို့ ရွေးချယ်ပါဝင်မှု အဆင့်အပေါ် မူမတည်ဘဲ အဆိုပါ အိမ်ထောင်စုသည် အောက်ပါအတိုင်း ဖော်ပြထားသည့် အီးမေးလ် သို့မဟုတ် စာသားမက်ဆေ့ချ်တစ်စောင် ရရှိပါမည် -

> "သင်၏ EBT ဒေတာများ ထိခိုက်ခံထားရပါသည်။ EBT ကတ်အသစ်တစ်ခု မှာကြားရန်နှင့် သင်၏ PIN ကို ပြောင်းလဲရန် FIS ကို ဖုန်းနံပါတ် 1-888-979-9949 ဖြင့် ချက်ချင်းခေါ်ဆိုပါ။"

ဤမက်ဆေ့ချ်ကို သင်ရရှိပါက EBT ကတ်အသစ်တစ်ခု မှာကြားခြင်းနှင့် သင်၏ PIN ကို ပြောင်းလဲခြင်းဖြင့် ချက်ချင်း အရေးယူဆောင်ရွက်သင့်သည်။ ၎င်းသည် အကျိုးခံစားခွင့် ခိုးယူမှုအတွက် အသိပေးချက်တစ်ခု မဟုတ်ပါ။ အိမ်ထောင်စုများအနေဖြင့် သံသယဖြစ်ဖွယ် လုပ်ဆောင်မှုရှိမရှိ ၎င်းတို့၏ EBT အလွှဲအပြောင်းမှတ်တမ်းကို စိစစ်သုံးသပ်သင့်သည်။ ခိုးယူမှုဟု သံသယရှိပါက ဖုန်းခေါ်ဆိုရေး ဝန်ဆောင်မှုစင်တာ (Call Service Cente) ကို တနင်္လာနေ့မှ သောကြာနေ့ထိ၊ အရှေ့ပိုင်းစံတော်ချိန် နံနက် 8:00 နာရီမှ မွန်းလွဲ 4:30 နာရီအတွင်းနှင့် စနေနေ့တွင် အရှေ့ပိုင်းစံတော်ချိန် နံနက် 9:00 နာရီမှ မွန်းလွဲ 2:00 နာရီအတွင်း ခေါ်ဆိုခမဲ့ ဖုန်းနံပါတ် 855-306-8959 ဖြင့် ဆက်သွယ်၍ဖြစ်စေ သင်၏ ဒေသန္တရ မိသားစုကူညီပံ့ပိုးရေးရုံးသို့ သွား၍ဖြစ်စေ ခိုးယူမှုအကြောင်း DCBS သို့ တိုင်ကြားပါ။ သင်နှင့်အနီးဆုံးရုံးကို https://prd.webapps.chfs.ky.gov/Office_Phone/ တွင် ရှာဖွေပါ။

### လိမ်လည်မှုကို ကျွန်ုပ် မည်သို့တိုင်ကြားရမည်နည်း။

အစိုးရထောက်ပံ့ကူညီရေးဆိုင်ရာ လိမ်လည်မှု သို့မဟုတ် အလွဲသုံးစားမှုကို တိုင်ကြားရန် စစ်ဆေးရေးမှူးချုပ်ရုံး (OIG) သို့ အရှေ့ပိုင်းစံတော်ချိန် နံနက် 8:00 နာရီနှင့် မွန်းလွဲ 4:30 နာရီကြား၌ ခေါ်ဆိုခမဲ့ ဖုန်းနံပါတ် 800-372-2970 ဖြင့် ဆက်သွယ်ပါ။

## ဆက်သွယ်ရန် အချက်အလက်

### တောင်းခံချက်များ စီမံခန့်ခွဲရေးဌာန

**အီးမေးလ်** - chfscms@ky.gov

**ဖုန်းနံပါတ် -** 502-564-3440

**စာပို့လိပ်စာ-**

275 E. Main St. 3E-1
Frankfort, KY 40621

### သမာသမတ်ရှိရေးနှင့် လေ့လာသုံးသပ်ရေးဌာန

**ဖုန်းနံပါတ် -** 502-564-3440

**စာပို့လိပ်စာ -**

275 E. Main St. 3E-1
Frankfort, KY 40621